# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## သတ္တုတွင်းဦးစီးဌာန(ဆားလုပ်ငန်းဌာနခွဲ)


တင်ပြသူ –

ဦးအောင်မျိုးသူ

ညွှန်ကြားရေးမှူး

# သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းဌာနခွဲမှဆောင်ရွက်ချက်များ

- ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ ငါးနှစ်စီမံကိန်း (MS-NPAN)ဟာ မြန်မာနိုင်ငံရှိမိခင်များ၊ ကလေးသူငယ်များနှင့် အပျိုဖော်ဝင်စ မိန်းကလေးများတွင် ဖြစ်တတ်သော အာဟာရပြဿနာများ(အာဟာရချို့တဲ့မှု၊ အာဟာရလွန်ကဲမှုများ) ကို လျော့နည်းအောင် ဆောင်ရွက်ပေးခြင်းဖြစ်။

- အိုင်အိုဒင်းအာဟာရချို့တဲ့မှုကြောင့် လည်ပင်ကြီးရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်များတွင် ဉာဏ်ရည်နိမ့်ကျသော ကလေးမွေးဖွားခြင်း စသည့်ရောဂါဖြစ်စေနိုင်။

- ဝန်ကြီးဌာနအနေနဲ့ပုဂ္ဂလိကဆားကြိတ်စက်များပူးပေါင်းဆောင်ရွက်ကာ ၁၉၉၁ခုနှစ် မှစ၍ ဆားများတွင် အိုင်အိုဒင်းအာဟာရရရှိစေရန် ပိုတက်ဆီယမ်အိုင်အိုဒိတ် ($KIO_3$) ဆေးရည် ဖျန်း၍ ဖြည့်စွက်ခြင်းများ စတင်ဆောင်ရွက်ခဲ့။

- မြန်မာနိုင်ငံတွင် ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊တနင်္သာရီတိုင်းဒေသကြီးတို့မှထွက်ရှိသောနေလှန်းဆားကြမ်းများထုတ်လုပ်။

- ဆားတွင် အိုင်အိုဒင်းအာဟာရပါဝင်မှုကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ကမ္ဘာ့ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(UNICEF)မှကျွမ်းကျင်ပညာရှင်များ၏သတ်မှတ်ချက်မှာ -

  (က) ဆားထုတ်လုပ်မှုစက်ရုံအဆင့်တွင် အိုင်အိုဒင်း အာဟာရ **(40-60)ppm**
  ( ခ ) လက်ကားသိုလှောင်ရုံအဆင့်တွင် အိုင်အိုဒင်းအာဟာရ **(30)ppmနှင့်အထက်**
  ( ဂ ) လက်လီရောင်းချမှု အဆင့်တွင် အိုင်အိုဒင်းအာဟာရ **(15)ppmနှင့်အထက်**
  (ဃ) စားသုံးသူအဆင့်တွင် အိုင်အိုဒင်းအာဟာရ **(15)ppm** ရှိရမည်ဖြစ်

- လူတစ်ဦးတစ်နေ့လျှင် ဆား(၁.၅)ကျပ်သား ခန့်မှန်းစားသုံးသဖြင့် မြန်မာနိုင်ငံ လူဦးရေ(၅၄)သန်းအတွက် တစ်နှစ်စားသုံးရန်အိုင်အိုဒင်းဆားချော (၁၆၀၉၂၅)တန် ရရှိဖို့အတွက် နေလှန်းဆားကြမ်း (၁၈၅၀၆၄) တန် လိုအပ်။

- အိုင်အိုဒင်းအာဟာရရရှိရေးအတွက် ဆားတွင်ဖြည့်စွက် အသုံးပြုရသော ပိုတက်ဆီယမ်အိုင်အိုဒိတ်($KIO_3$) ကို မြန်မာနိုင်ငံဆားလုပ်ငန်းရှင်များအသင်း၊ Win Sonic Co.,ltd၊ သတ္တုတွင်းဦးစီးဌာန၊ဆားလုပ်ငန်းဌာနခွဲ၊ရန်ကုန်တိုင်းဒေသကြီးရုံးတို့ပူးပေါင်း ဆောင်ရွက်ခဲ့။

- ၂၀၁၉ ခုနှစ်တွင် ဝယ်ယူထားသော ပိုတက်ဆီယမ်အိုင်အိုဒိတ်(25Kg) (၈၀၀)ပုံး မှာယူ တင်သွင်းခဲ့ပြီး ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း ထုတ်လုပ်သည့် အိုင်အိုဒင်းဆားချော များအတွက် ($KIO_3$) လုံလောက်မှုရှိ။

- ဆားတွင် အိုင်အိုဒင်းအာဟာရ ပါဝင်မှု ပုဂ္ဂလိကဆားကြိတ်စက်များကို စောင့်ကြပ်ကြည့်ရှုစစ်ဆေးခြင်းများကို သတ္တုတွင်းဦးစီးဌာန၊ ဆားလုပ်ငန်းဌာနခွဲမှ ဆောင်ရွက်လျက်ရှိ။

- တိုင်းဒေသကြီး / ပြည်နယ်အသီးသီးရှိ ဆားထုတ်လုပ်မှုလိုင်စင်များကို ပြဌာန်းပြီးဖြစ်သည့် ဆားနှင့်ဆားထွက်ပစ္စည်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တိုင်းဒေသကြီး/ပြည်နယ် ဆားလုပ်ငန်းရုံးများက ခွင့်ပြုချထားခြင်းများကိုလည်း ဆောင်ရွက်လျက်ရှိ။

- ပြည်တွင်းတွင် မထုတ်လုပ်နိုင်သည့် Iodized Refined Salt ကို စားသုံးသူများနှင့်စားသောက်ကုန်လုပ်ငန်းများအတွက် ပြည်ပမှ တင်သွင်းမှုအနေနဲ့ကတော့ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း တင်သွင်းမှုမှာတော့ (၁၆၅၀၃)တန် တင်သွင်းရန် ထောက်ခံချက်ထုတ်ပေးခဲ့ ပါတယ်။ တင်သွင်းခွင့်ပြုခဲ့သော ဆားများတွင် အိုင်အိုဒင်းအာဟာရ 30 PPM နှင့်အထက် ပါဝင်ပါကြောင်း။

# ဆားကြိတ်စက်ရုံများသို့သွားရောက်စစ်ဆေးခြင်း








# ကျေးဇူးတင်ပါသည်။

ကျေးဇူးတင်ပါသည်။